# ကလေးအလုပ်သမားဆိုသည်မှာအဘယ်နည်း။

ကလေးသူငယ်များ လုပ်ကိုင်သမျှ အလုပ်အားလုံးကို ကလေးအလုပ်သမားဟု အတန်းစားမသတ်မှတ်သင့်ပါ။ **ILO** ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ကလေး အလုပ်သမားဟူသည် ၎င်း၏ ကလေး ဘဝ၊ ရွှေ့အလားအလာ နှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကိုလုပ်ကိုင်နေရသူများ ကိုဆိုသည်။ ထိုအလုပ်မျိုးသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုး သို့မဟုတ် ၎င်းတို့၏ ပညာသင်ကြားရေးကို ထိခိုက်စေမည့်-

- **ကျောင်းတက်ရန်အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း**
- **အချိန်မတန်မှီ ကျောင်းမှမဖြစ် မနေထွက်ရခြင်း**
- **ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သောအလုပ်ကို အချိန် ကြာမြင့်စွာလုပ်ကိုင်ရန် လိုအပ်ခြင်း**



## ကလေးလုပ်သား၏ အကျိုးဆက်များ


ကလေးလုပ်သားသည် ကလေးအတွက်သာမက မြို့ကြီးမြို့ပြတစ်ခုလုံးအတွက်လည်း ဆင်းရဲမှုလျော့ချခြင်း ဦးစားပေးမှုတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အနှောက်အယှက်ဖြစ်စေပြီး လူမှုစရိတ်ပိုမိုမြင့်မားမှုရှိစေသည်။ ကလေးလုပ်သားသည် နိုင်ငံယှဉ်ပြိုင်နိုင်မှုကို အကျိုးသက်ရောက်နိုင်သည့် ပညာမတတ်မှုနှင့် လုပ်နိုင်စွမ်း စွမ်းဆောင်ရည်ကျဆင်းမှုဖြင့် လည်ပတ်နေသည်။

# ဘေးဥပါဒ်အန္တရာယ်ကျရောက်နေသောကလေးသူငယ်အလုပ်သမား

အိုင်အယ်(လ်)အို ပြဋ္ဌာန်းချက်အမှတ် ၁၈၂အရ၊ အလုပ်သမားသမဂ္ဂများသည် အန္တရာယ်ရှိသောကလေးအလုပ်သမား၏ အမျိုးသားအဆင့်စာရင်းပြုစုရန်အတွက် အရေးကြီးသောအခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နိုင်သည်။ ၎င်း၏ အဖွဲ့ဝင်အားဖြင့် အလုပ်သမားသမဂ္ဂအဖွဲ့သည် အန္တရာယ်ရှိသောအလုပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊အလေ့အထများ၊ ထိုကဲ့သို့သော အလုပ် များရှိသည့် နေရာများအတွက် သတ်မှတ်ထားသည့် အချက်အလက်များအား အမျိုးသားအဆင့်စာရင်းပြုစုရာတွင် တပေါင်းတစည်းတည်း ပါဝင်လာအောင် လုပ်ဆောင်နိုင်သည်။ အန္တရာယ်ရှိသောကလေးအလုပ်သမား၏ အမျိုးသားအဆင့်စာရင်းသည် အလုပ်၏သဘောသဘာဝကို အာရုံစိုက်ခြင်းအားဖြင့် ကလေးများ၏ ကိုယ်ကျင့်တရား(သို့) လုံခြုံစိတ်ချမှု၊ ကျန်းမာရေးကိုထိခိုက်နိုင်ဖွယ်ရှိနိုင်သည့် မည်သို့သော အလုပ်ပုံစံမျိုးကိုမဆို  အသက်၁၈နှစ်အောက် ကလေးများ မလုပ်သင့်ကြောင်း ဖော်ပြရမည်။

**စာရင်းရေးဆွဲခြင်းသည်ပထမအဆင့်ဖြစ်ပြီး လိုအပ်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စာရင်းဖြန့်ဝေခြင်းသည် နောက်ပိုင်းလုပ်ဆောင်ရန်ဖြစ်သည်။**

အလားတူ အလုပ်သမားသမဂ္ဂများသည် အမျိုးသားအဆင့်ပြုစုထားသော အန္တရာယ်ရှိသည့် ကလေးအလုပ်သမား စာရင်းကို အသိပညာပေးမြှင့်တင်ရန်နှင့် သတင်းအချက်အလက်ဖြန့်ဝေရန်အတွက် ကူညီနိုင်ပြီး၎င်း၏အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုလည်းမြှင့်တင်ပေးနိုင်သည်။ အမျိုးသားအလုပ်သမား သမဂ္ဂဗဟိုအဖွဲ့များသည် ၎င်းတို့၏လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းထားသောအလုပ်သမားသမဂ္ဂ အဖွဲ့အစည်းများသို့ အမျိုးသားအဆင့်ပြုစုထားသော အန္တရာယ်ရှိသည့်ကလေးအလုပ်သမားစာရင်းဆိုင်ရာ သတင်းအချက်အလက်များကိုဖြန့်ဝေနိုင်သည်။ လုပ်ငန်းကဏ္ဍ အလိုက်ဖြစ်သော အလုပ်သမားသမဂ္ဂများသည် ဒေသဆိုင်ရာအဖွဲ့ဝင်များနှင့် အလုပ်နေရာကိုယ်စားလှယ် များသို့ ထိုသတင်းအချက်အလက်များအား ဖြန့်ဝေနိုင်သည်။





# ကလေးအလုပ်သမား
# ဆန့်ကျင်တိုက်ဖျက်ခြင်းတွင်
# အလုပ်သမားသမဂ္ဂ၏ အခန်းကဏ္ဍ

# လူမှုရေးအပြန်အလှန်ဆွေးနွေးမှုကိုအားကောင်းလာစေခြင်း

လူမှုရေးအပြန်အလှန်ဆွေးနွေးခြင်း၏ အဓိကပန်းတိုင်မှာ အလုပ်ကမ္ဘာရပ်ဝန်းအတွင်းရှိ အဓိကပါဝင်သက်ဆိုင်သူများအကြား ဒီမိုကရေစီဆိုင်ရာပါဝင်ပတ်သက်မှု နှင့်အများသဘောတူညီမှုကို မြှင့်တင်ပေးရန်ဖြစ်သည်။ ကလေးအလုပ်သမားပပျောက်စေရန် အတွက်အစိုးရ၊အလုပ်သမား/အလုပ်ရှင်အဖွဲ့အစည်းများနှင့်အရပ်ဘက်အဖွဲ့အစည်းအားလုံးအနေဖြင့် လူမှုရေးဆိုင်ရာ အပြန်အလှန် ဆွေးနွေးခြင်းကိုအားကောင်းလာစေရန်အတွက် အထူးသဖြင့် ကလေးလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်း အဖွဲ့မှတစ်ဆင့်ဆက်လက်ဆောင်ရွက်သွားရပါမည်။ ဤလုပ်ငန်းအဖွဲ့ဝင် အားလုံးသည် အသက်၁၈နှစ်အောက်ကလေးများ အားလုံးအတွက် တားမြစ်ထားသည့်အန္တရာယ်ရှိသောလုပ်ငန်းခွင်စာရင်း အသေးစိတ်ပြင်ဆင်ရာတွင် ထိရောက်သော လူမှုရေး အပြန်အလှန်ဆွေးနွေးခြင်းအားဖြင့် ကလေးအလုပ်သမား ဆိုင်ရာ အမျိုးသားအဆင့်စီစဉ်လှုပ်ရှားမှုတစ်ခု ဖွံ့ဖြိုးတိုးတက် အောင်မြင်နိုင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။




## အလုပ်သမားအဖွဲ့အစည်းများ၏ သမိုင်းစဉ်ဆက်ကတိကဝတ်

အလုပ်သမားအဖွဲ့အစည်းများသည် ကလေးအလုပ်သမားများအတွက် တားမြစ်မှုအပါအဝင် အပြည်ပြည် ဆိုင်ရာအလုပ်သမားရေးရာစံချိန်စံညွှန်းများမြှင့်တင်ခြင်းတွင် သမိုင်းကြောင်းတလျှောက်ဦးဆောင်လမ်းပြခဲ့သူများ ဖြစ်ကြသည်။ ၁၈၆၀ ခုနှစ်များအတွင်း ကလေးအလုပ်သမားဆန့်ကျင်လှုပ်ရှားမှုများကို ကနဦး တောင်းဆို လှုပ်ရှားခဲ့သူများမှာ အလုပ်သမားသမဂ္ဂများပင်ဖြစ်ခဲ့ပါသည်။ ကလေးအလုပ်သမားကိစ္စရပ်သည် မည်သည့် နေရာ၌မဆို အလုပ်သမားသမဂ္ဂများ၏ ရည်မှန်းချက်များကို အနှောက်အယှက်တစ်ရပ်အဖြစ်တည်ရှိနေမှုသည် အလုပ် သမားအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြဿနာတစ်ခုဖြစ်နေပါသည်။ အသင်းဝင်ပေါင်းများ စွာဖြင့်စုဖွဲ့ထားသော အလုပ်သမားသမဂ္ဂများအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် ကြိုးစား အားထုတ်ရာတွင် အင်အားများစွာဖြင့်ဆောင်ရွက်နိုင်ပါလိမ့်မည်။ စုပေါင်းဆွေးနွေးအရေးဆိုခြင်းသည် လူမှုရေးအပြန်အလှန် ဆွေးနွေးခြင်း၏ အပိုင်းတစ်ရပ်အဖြစ် ကလေးအလုပ်သမားတိုက်ဖျက်ရေးတွင် အဓိကကျသော အလုပ်သမားသမဂ္ဂ နည်းဗျူဟာအနက် တစ်ခုဖြစ်သည်။

# အလုပ်သမားသမဂ္ဂများ - ကလေးအလုပ်သမားတိုက်ဖျက်ရန်အတွက် အဓိကလုပ်ဆောင်သူ

အလုပ်သမားအဖွဲ့အစည်းများသည် လုပ်ငန်းခွင်များတွင် လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးကို မြှင့်တင်ပေးရန်ကြိုးစားလျှက်ရှိပါသည်။ အလုပ်သမားသမဂ္ဂများအနေဖြင့် သတင်းသစ်တစ်ရပ်ကို ဖြန့်ဝေပေးနိုင်သောအလုပ်သမားဥပဒေနှင့် အလေ့အထများ လွှမ်းမိုးရန် အတွက် တိုက်ရိုက် အရေးယူမှုပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့တည့်မတ်စွာပေါင်းစပ်ထားသော အဖွဲ့အစည်းများသည် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်များ၏အခွင့်အရေး နှင့် ဆက်နွှယ်နေသောပြဿနာရပ်များအပေါ် ကမ္ဘာလုံးဆိုင်ရာနှင့် အမျိုးသားအဆင့်ကြားတွင် အမျိုးမျိုးသော ဆက်နွှယ်မှုတစ်ခုအဖြစ် ပံ့ပိုးပေးပါသည်။ အလုပ်သမားသမဂ္ဂများအား စောင့်ကြည့်လေ့လာသောအဖွဲ့အစည်းအဖြစ် ကောင်းစွာအထိုင်ချထားပြီး၊ ကလေးအလုပ်သမားကာကွယ်မှုအတွက် တိုက်ရိုက် အရေးယူဆောင်ရွက်ရန်၊ လုပ်ငန်းခွင်များမှကလေးများကို ဖယ်ရှားရန်၊ ယင်းတို့အား အရည်အသွေးပြည့်မီသောပညာရေးအဖြစ် အစားထိုးမှုများပြုလုပ်ရန်နှင့် အရွယ်ရောက်ပြီးသည့် လူမှုဝန်းကျင်အတွက် ပြင်ဆင်ပေးခြင်းကို ထောက်ပံ့ကူညီရန်ဖြစ် သည်။



# ကလေးအလုပ်သမား စောင့်ကြည့်လေ့လာခြင်း



အလုပ်သမားသမဂ္ဂများသည် ကလေးအလုပ်သမားကိုင်တွယ်ဖြေရှင်းမှုတွင် လုပ် ဆောင်နိုင်သော အထိရောက်ဆုံး နည်းလမ်းတစ်ခုမှာ လုပ်ငန်းခွင်ပုံမှန်စစ်ဆေးခြင်းအားဖြင့်စောင့်ကြည့် လေ့လာခြင်းပြုလုပ်ရန် ဖြစ်သည်။ ကလေးအလုပ်သမားများအား စောင့်ကြည့်လေ့လာခြင်းသည် စနစ်တကျ တတ်ကြွစွာလုပ်ဆောင်နေသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း လေ့လာခြင်းနှင့် သင့်တော်သောအပြုအမူများ ဖြင့်ညှိနှိုင်း ဆောင်ရွက်ခြင်းအားဖြင့် သေချာအောင်ပြုလုပ်နိုင်ပါသည်။၎င်း၏အလုံးစုံသော ရည်မှန်းချက်မှာ ကလေးသူငယ်နှင့် တရားဝင်အလုပ်သမားအဖြစ် ခန့်ထားခြင်းခံရသောလူငယ်လူရွယ်များအားခေါင်းပုံဖြတ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော အလုပ်များမှ လုံခြုံမှုရှိကြောင်း စောင့်ကြည့်မှုအကျိုးဆက်တစ်ခုကဲ့သို့ သေချာစေရန်ဖြစ်သည်။ လက်တွေ့တွင် ကလေးအလုပ်သမားစောင့်ကြည့် လေ့လာခြင်းသည် သတ်မှတ်ပေးထားသော ပထဝီဝင်ဆိုင်ရာ ဒေသတစ်ခုတွင် နေထိုင် လျှက်ရှိသောကလေးများအားလုံး အကျုံးဝင်စေရန်ရည်ရွယ်၍ ကဏ္ဍပေါင်းစုံမှစောင့်ကြည့်လေ့လာခြင်း၊လွှဲပြောင်းပေးခြင်းလုပ်ငန်းစဉ်၏ ဖွံ့ဖြိုးတိုးတတ်မှုမှတဆင့် ကလေးအလုပ်သမားများအား ခွဲခြားသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊အကာအကွယ်ပေးခြင်းနှင့်ကြိုတင်ကာကွယ်မှုများပြုလုပ်ပေးခြင်းတို့ပါဝင်သည်။

## ဆရာများအဖွဲ့အစည်း - လူမှုရေးပြောင်းလဲမှု၏ကိုယ်စားလှယ်များ

ဆရာများနှင့်ပညာပေးသူများအနေဖြင့်ကလေးများ၊ မိဘများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများအားလုံးနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်နေခြင်းကြောင့်ဆက်စပ်စဉ်းစားရမည့် အခြေအနေအတွင်း ကလေးအလုပ်သမားပပျောက်ရေးနှင့်ကာကွယ်တားဆီးရေးအတွက်ထိုသူများကလည်း အဓိကကဏ္ဍများအဖြစ် ပါဝင်ပါသည်။ထိုသူတို့သည် ရှေ့တန်းစောင့်ကြည့်လေ့လာခြင်းနှင့်ကလေးစောင့်ကြည့်သူများကဲ့သို့ လုပ်ဆောင် နိုင်သည်။ အဘယ်ကြောင့်ဆိုသော်ထိုသူများသည်ရပ်ရွာလူ့အဖွဲ့အစည်းတွင်ကျောင်းတက်ရောက်ရမည့် ကလေးအသက်သတ်မှတ်ရန်၊ ကျောင်းအပ်နှံရန်အတွက်မိဘများကိုအားပေးရန်၊ ကလေးများအတွက်စိတ်ဝင်စားဖွယ်ကောင်းသောစာသင်ကြားနိုင်မည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်အောင်ထောက်ပံ့ပေးရန်နှင့် ကလေးများအား၎င်းတို့၏ ပညာရေးနှင့်ပတ်သက်သော ပြဿနာများနှင့် လိုအပ်ချက်များအား ကူညီပေးရန်အတွက်လုပ်ဆောင်ပေးနိုင်သောကြောင့်ဖြစ်သည်။ ဆရာများသည် ကလေးများ၊ မိဘများနှင့်လူ့အဖွဲ့အစည်းများအား ပညာရေး၏အရေးပါပုံကိုသိမြင်လာစေရန်နှင့်ကလေးနှင့် လူ့အသိုင်းအဝိုင်းအပေါ် ကလေးအလုပ်သမားဖြစ်ရခြင်း၏ ထိခိုက်နစ်နာစေသောသက်ရောက်မှုများကို သတင်းပေးနိုင်သည့်သူများ အဖြစ်လည်း ဆောင်ရွက်နိုင်သည်။ နောက်ဆုံးတွင် ဆရာများအဖွဲ့အစည်းသည်ကျောင်းစီမံခန့်ခွဲမှုနည်းလမ်း ပိုမိုအားကောင်းစေရန်၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်မှုအပေါ် လုပ်ဆောင်ရန်အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပညာရေး အတွက်အစီအစဉ်များရေးဆွဲခြင်းနှင့်ပြန်လည်ဖွဲ့စည်းခြင်းတွင် ဆရာများနှင့် ၎င်းတို့အဖွဲ့အစည်းများ၏ ပါဝင်မှုသည် လွန်စွာအရေးကြီးသည်။